# အားပေးပံ့ပိုးမှု ထုတ်ပြန်ကြေညာချက်များ

အားပေးပံ့ပိုးမှု ထုတ်ပြန်ကြေညာချက်များကို ဩဂုတ် ၆၊ စနေနေ့ နံနက် ၉:၁၅ အချိန်တွင် Conference သို့ တင်ပြမည်ဖြစ်ပါသည်။

## ထုတ်ပြန်ကြေညာချက်များ စာရင်း

| ထုတ်ပြန်ကြေညာချက် | ကမကထပြုသူ |
|---|---|
| **အမေရိကန်ပြည်ထောင်စု** | ဘုန်းတော်ကြီး Michael Curry |
| **ကွန်ဂိုနိုင်ငံ** | ဂိုဏ်းချုပ်ဘုန်းတော်ကြီး Titre Ande Georges |
| **နိုင်ဂျီးရီးယားနိုင်ငံ** | ဂိုဏ်းချုပ်ဘုန်းတော်ကြီး Justin Welby |
| **ယေရုရှလင်နှင့် အရှေ့အလယ်ပိုင်းဒေသ** | ဂိုဏ်းချုပ်ဘုန်းတော်ကြီး Hosam Naoum |
| **အီဂျစ်နိုင်ငံ** | ဂိုဏ်းချုပ်ဘုန်းတော်ကြီး Sami Fawzi |
| **ယူကရိန်းနိုင်ငံ** | ဘုန်းတော်ကြီး Robert Innes |
| **ဆူဒန်နိုင်ငံ** | ဂိုဏ်းချုပ်ဘုန်းတော်ကြီး Ezekiel Guti |
| **ပါကစ္စတန်နိုင်ငံ** | ဘုန်းတော်ကြီး Azad Marshall |
| **တောင်ဆူဒန်နိုင်ငံ** | ဂိုဏ်းချုပ်ဘုန်းတော်ကြီး Justin Badi |
| **သီရိလင်္ကာနိုင်ငံ** | ဘုန်းတော်ကြီး Keerthisiri Fernando |
| **မြန်မာ/ဗမာနိုင်ငံ** | Lambeth Conference သို့ တက်ရောက်လာသည့် မြန်မာဘုန်းတော်ကြီးများ |
| **တန်ဇနီးယားနိုင်ငံ** | ဂိုဏ်းချုပ်ဘုန်းတော်ကြီး Maimbo Mndolwa |

| | |
|---|---|
| **ကနေဒါနှင့် ကမ္ဘာတဝန်းရှိ ဌာနေတိုင်းရင်းသား လူမျိုးများ** | ဂိုဏ်းချုပ်ဘုန်းတော်ကြီး Linda Nicholls |
| **ခိုလှုံဒုက္ခသည်နှင့် ရွှေ့ပြောင်းနေထိုင်သူဆိုင်ရာ အကျပ်အတည်းပြဿနာ** | ဂိုဏ်းချုပ်ဘုန်းတော်ကြီး Justin Welby |

**အမေရိကန်ပြည်ထောင်စုတွင် ဖြစ်ပွားလျက်ရှိသော ပစ်ခတ်မှုများအပေါ် တုံ့ပြန်ဆောင်ရွက်ခြင်းအတွက် အားပေးပံ့ပိုးမှု ထုတ်ပြန်ကြေညာချက်**

**ကမကထပြုသူ- ဘုန်းတော်ကြီး Michael Curry**

၂၀၂၂ ခုနှစ်တွင် ကျင်းပသည့် Lambeth Conference သို့ တက်ရောက်ရန် ကန်တာဘာရီ ဂိုဏ်းချုပ်ဘုန်းတော်ကြီး၏ နှိုးဆော်ချက်အရ အင်္ဂလိကန် မိဿဟာယဝင် သာသနာပြည်နယ်များမှ လာရောက်၍ စုရုံးစည်းဝေးလျက်ရှိကြသည့် ကမ္ဘာလုံးဆိုင်ရာ အင်္ဂလိကန် မိဿဟာယဝင် ကျွန်ုပ်တို့ ဘုန်းတော်ကြီးများသည် အမေရိကန်ပြည်ထောင်စုတွင် ဆက်လက်ဖြစ်ပွားလျက်ရှိသော အစုလိုက်အပြုံလိုက် ပစ်ခတ်မှုများအကြောင်း သတင်းကြားသိရသဖြင့် အထူးပင် စိတ်နှလုံးကြေကွဲ ဝမ်းနည်းရပါသည်။

"ကိုယ်အင်္ဂါတစ်ခုသည် ဆင်းရဲဒုက္ခခံရလျှင် ကိုယ်အင်္ဂါအပေါင်းတို့သည် အတူတကွ ဆင်းရဲခံကြရကြောင်း" ကောရိန္သုမြို့ရှိ ခရစ်ယာန်ယုံကြည်သူ အပေါင်းထံ တမန်တော်ရှင်ပေါလု၏ သတိပေးချက်ကို အောက်မေ့လျက် ကျွန်ုပ်တို့ဘုန်းတော်ကြီးများသည် အမေရိကန်ပြည်ထောင်စုတွင် ဆက်လက်ဖြစ်ပွားလျက်ရှိသော အစုလိုက်အပြုံလိုက် ပစ်ခတ်မှုများအကြောင်း သတင်းကြားသိရပြီး စာသင်ကျောင်းများ၊ စတိုးဆိုင်များ၊ အများသူငါ သွားလာသည့် နေရာအမျိုးမျိုး၊ နှင့် မကြာသေးမီအချိန်က အယ်လာဘားမား ပြည်နယ်ရှိ အယ်ပီကိုစပယ် သာသနာနယ်ခွဲတစ်ခုအတွင်း၌ပင် ဖြစ်ပွားခဲ့သည့် ဤအလွန်ဆိုးရွားလှသော အဖြစ်အပျက်များကြောင့် သေဆုံးခဲ့ရသည့်

လူ့အသက်များအတွက် အထူးပင် စိတ်နှလုံးကြေကွဲ ဝမ်းနည်းရပါသည်။ ပစ်ခတ်မှုများ၌ ထိခိုက်သေဆုံးခဲ့ရသည့် နစ်နာသူများနှင့် ၎င်းတို့၏ မေတ္တာခံရသူများ၊ နှင့် သေနတ်အကြမ်းဖက်မှုကို ကြုံတွေ့ရင်ဆိုင်ရပြီး စိုးထိတ်ကြောက်ရွံ့မှုကို ခံစားရသူများ အားလုံးအတွက် ကျွန်ုပ်တို့အနေဖြင့် ဆုတောင်းပဌနာ ပြုလျက်ရှိပါသည်။ ကျွန်ုပ်တို့သည် သေနတ်အကြမ်းဖက်မှုဆန့်ကျင်သော ဘုန်းတော်ကြီးများ အဖွဲ့အစည်း (https://bishopsagainstgunviolence.org) ကဲ့သို့ အဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်မှုများကို ချီးကျူးဂုဏ်ပြုကာ အမေရိကန် ပြည်ထောင်စု၌ သေနတ်ပစ်ခတ်မှုကြောင့် သေဆုံးခြင်း သို့မဟုတ် ထိခိုက်ဒဏ်ရာရခြင်းကို ကြုံတွေ့ရသည့် လူဦးရေကို လျှော့ချပေးနိုင်မည့် ဥပဒေပြဋ္ဌာန်းချက်အတွက် အရေးဆိုစည်းရုံးလျက်ရှိသော စိတ်စေတနာမွန်ရှိသူ အားလုံး၏ ကြိုးပမ်းအားထုတ်မှုများကို အသီးအပွင့်ခံစားခွင့် ချပေးသနားရန်အတွက် ဘုရားသခင်ထံ အနူးအညွတ် တောင်းလျှောက်ဆုတောင်းလျက် ရှိပါသည်။

အလားတူပင် ကျွန်ုပ်တို့သည် များစွာသောသူတို့အနေဖြင့် တစ်ဦးချင်းစီနှင့် အသိုက်အဝန်းလိုက် ကြုံတွေ့ခံစားနေရသော စိုးရိမ်ထိတ်လန့်စိတ်ကို ဖြစ်ပွားစေသည့် နိုင်ငံတဝန်း၌ နည်းအမျိုးမျိုးဖြင့် ဆက်လက်တည်ရှိနေသော မတည်ငြိမ်မှုများနှင့် ထိခိုက်နစ်နာစေသော အပိုင်းပိုင်းကွဲပြားမှုများအကြောင်း သတင်းကြားသိရသဖြင့် စိတ်နှလုံးထိခိုက်လျက် ရှိပါသည်။ ကားတိုင်ပေါ်၌ သက်တော်မြတ်ကိုစွန့်၍ သေခြင်းမှ ပြန်လည်ထမြောက်လာသော ကျွန်ုပ်တို့၏ ကယ်တင်ရှင် နာဇရက်မြို့သား ယေရှု၏ ပုံသက်သေတွင် အရှင်းလင်းဆုံး တွေ့မြင်သိရှိနိုင်သည့် မေတ္တာထားနေထိုင်မှုသည် တစ်ဦးနှင့်တစ်ဦး ရန်ဘက်ပြုဆန့်ကျင်လျက်ရှိသောသူများ၏ စိတ်နှလုံးသားများအတွင်းသို့ ထိတွေ့နိုင်ပြီး အတားအဆီးများကို ဖြိုချဖျက်ဆီး၍ ခက်ခဲပင်ပန်းဖွယ် ကာလများ၌ မျှော်လင့်ခြင်းကို ပေးစွမ်းနိုင်ပါမည့်အကြောင်း ကျွန်ုပ်တို့အနေဖြင့် ပြင်းပြထက်သန်စွာ မျှော်လင့်လျက်ရှိပါသည်။

**ကွန်ဂိုနိုင်ငံ အင်္ဂလိကန်အသင်းတော်အတွက် အားပေးပံ့ပိုးမှု ထုတ်ပြန်ကြေညာချက် ကမကထပြုသူ- ဂိုဏ်းချုပ်ဘုန်းတော်ကြီး Titre Ande Georges**

၂၀၂၂ ခုနှစ်တွင် ကျင်းပသည့် Lambeth Conference သို့ တက်ရောက်ရန် ကန်တာဘာရီ ဂိုဏ်းချုပ်ဘုန်းတော်ကြီး၏ နှိုးဆော်ချက်အရ စုရုံးစည်းဝေးလျက်ရှိကြသည့် ကမ္ဘာလုံးဆိုင်ရာ အင်္ဂလိကန် မိဿဟာယဝင် ကျွန်ုပ်တို့ ဘုန်းတော်ကြီးများသည် ကွန်ဂို ဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံနှင့် အရှေ့အာဖရိကန် လူမှုအသိုက်အဝန်းတွင် ငြိမ်းချမ်းရေး၊ ဘေးကင်းလုံခြုံမှုနှင့် ဒီမိုကရေစီ ထွန်းကားစေရန် ကျွန်ုပ်တို့၏ သန္နိဋ္ဌာန်ကို ထပ်လောင်းချမှတ်ပါသည်။

လူသားတိုင်းသည် ဘုရားသခင်၏ သဏ္ဍာန်တော်နှင့်အညီ ဖန်ဆင်းခြင်းကို ခံရပြီး ကျွန်ုပ်တို့ဖန်ဆင်းရှင်၏ မေတ္တာတော်နှင့် တန်ဖိုးထားမှုကို ခံရသူများဖြစ်ကြောင်း ကျွန်ုပ်တို့၏ ယုံကြည်ချက်အပေါ် အခြေခံ၍ ၁၉၄၈ ခုနှစ်၊ ကုလသမဂ္ဂ လူ့အခွင့်အရေးကြေညာစာတမ်း၌ ဖော်ပြထားသည့် ခပ်သိမ်းသောသူများအတွက် ကောင်းကျိုးဆောင်ရန် တာဝန်ကို ထပ်လောင်းဖော်ပြလိုပါသည်။ အရှေ့ကွန်ဂို ဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ၌ ဖြစ်ပွားလျက်ရှိသော ပဋိပက္ခနှင့် အကျိုးဆက်အဖြစ် လူ့အသက်နှင့် ပစ္စည်းဥစ္စာများ ဆုံးရှုံးမှု၊ ခိုလှုံဒုက္ခသည် အကျပ်အတည်း၊ စီးပွားရေးကျဆင်းမှု၊ နှင့် တိုင်းရင်းသားဖြစ်တည်မှုအခြေပြု အပိုင်းပိုင်းကွဲပြားခြင်းများ ပိုမိုနက်ရှိုင်းလာမှုတို့ကြောင့် ကျွန်ုပ်တို့အနေဖြင့် နက်ရှိုင်းစွာ စိတ်နှလုံးထိခိုက်လျက် ရှိပါသည်။

ယေရှုခရစ်တော်သည် နောက်လိုက်တပည့်တော်များကို ငြိမ်းချမ်းရေးတည်ဆောက်သူများအဖြစ် ပြုကျင့်ရန် နှိုးဆော်တော်မူသည်နှင့်အညီ ကျွန်ုပ်တို့သည်လည်း ပဋိပက္ခ၌ ပါဝင်ပတ်သက်နေသူများ အားလုံးအနေဖြင့် ဆွေးနွေးမှုကို မကျေနပ်ချက်များ ဖြေရှင်းရန် နည်းလမ်းအဖြစ် အသုံးပြုရန်၊ နှင့် ဤကာလ၌ ဆင်းရဲဒုက္ခကြုံလျက်ရှိသော ထိခိုက်လွယ်သူများနှင့် စည်းလုံးညီညွတ်စွာ တစ်သားတည်းရပ်တည်ရန် တိုက်တွန်းနှိုးဆော်ပါသည်။

ကွန်ဂိုနိုင်ငံနှင့် ဝန်းကျင်ဒေသတစ်ခုလုံးတွင် ရေရှည်တည်တံ့၍ တရားမျှတသော ငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်ပြီး ကျွန်ုပ်တို့၏ မျှော်လင့်ခြင်းနှင့် ကယ်တင်ခြင်းဖြစ်သော ယေရှုခရစ်တော်၏ ဘုန်းတော်ထင်ရှားစေရန် ကျွန်ုပ်တို့အနေဖြင့် ဆုတောင်းပဌနာ ပြုလျက်ရှိပါသည်။

## နိုင်ဂျီးရီးယားနိုင်ငံအတွက် အားပေးပံ့ပိုးမှု ထုတ်ပြန်ကြေညာချက် ကမကထပြုသူ ဂိုဏ်းချုပ်ဘုန်းတော်ကြီး Justin Welby

၂၀၂၂ ခုနှစ်တွင် ကျင်းပသည့် Lambeth Conference သို့ တက်ရောက်ရန် ကန်တာဘာရီ ဂိုဏ်းချုပ်ဘုန်းတော်ကြီး၏ နှိုးဆော်ချက်အရ အင်္ဂလိကန် မိသဟာယဝင် သာသနာပြည်နယ်များမှ လာရောက်၍ စုရုံးစည်းဝေးလျက်ရှိကြသည့် ကမ္ဘာလုံးဆိုင်ရာ အင်္ဂလိကန် မိသဟာယဝင် ကျွန်ုပ်တို့ ဘုန်းတော်ကြီးများသည် နိုင်ဂျီးရီးယား အသင်းတော်နှင့် ပြည်သူများထံသို့ နွေးထွေးစွာ နှုတ်ခွန်းဆက်၍ အားပေးပံ့ပိုးလျက်ရှိကြောင်း သတင်းစကားကို ပါးလိုက်ပါသည်။

နိုင်ဂျီးရီးယား သာသနာပြည်နယ် အသင်းတော်သည် ကျွန်ုပ်တို့နှင့် အတူတကွ စုရုံးတက်ရောက်နိုင်ခြင်း မရှိသည့်အပေါ် အလွန်တရာ ကြေကွဲရပါသည်။ နိုင်ဂျီးရီးယား သာသနာပြည်နယ် အသင်းတော်အနေဖြင့် မိသဟာယဝင် ကျန်အသင်းတော်များနှင့် ပူးပေါင်းခြင်းမရှိစေရန် အတားအဆီးပြုသော မတူကွဲခြားချက်များသည် ဘုရားသခင် အလိုတော်ရှိသည့်အချိန်၌ ကုစားပပျောက်ခြင်းရှိစေရန် ကျွန်ုပ်တို့အနေဖြင့် ဆုတောင်းပဌနာ ပြုလျက်ရှိပါသည်။

နိုင်ဂျီးရီးယားနိုင်ငံသည် ကျွမ်းကျင်တတ်မြောက်မှုစွမ်းရည် မြင့်မားသော လူပုဂ္ဂိုလ်များ၊ သဘာဝနှင့် တွင်းထွက် သယံဇာတများ ကြွယ်ဝများပြားသည့် နိုင်ငံဖြစ်ပြီး ကမ္ဘာ့ဇာတ်ခုံပေါ်၌ အခန်းကဏ္ဍ ကြီးမားစွာ ပါဝင်နိုင်သည့် နိုင်ငံဖြစ်ပါသည်။

နိုင်ဂျီးရီးယား နိုင်ငံနှင့် နိုင်ငံသားများ ရင်ဆိုင်ကြုံတွေ့နေရသည့် ဘေးကင်းလုံခြုံရေး၊ စီးပွားရေး၊ ဘာသာရေးနှင့် နိုင်ငံရေး အခက်အခဲများကြောင့်

ဘုန်းတော်ကြီးများအနေဖြင့် အထူးပင် စိတ်နှလုံးကြေကွဲလျက် ရှိပါသည်။ မိဿဟာယ တဝန်းရှိ ဘုန်းတော်ကြီးများ၏ ဆုတောင်းပဌနာပြုချက်များတွင် နိုင်ဂျီးရီးယားနိုင်ငံအတွက် ပုံမှန်အောက်မေ့ဆုတောင်းလျက် ရှိပါသည်။

ကျွန်ုပ်တို့၏သခင်သည် ငြိမ်းချမ်းရေးကို ဖွေရှာ၍ ကြိုးပမ်းရည်မှန်း ဖော်ဆောင်ရန် ကျွန်ုပ်တို့ကို နှိုးဆော်တော်မူပါသည်။ နိုင်ဂျီးရီးယား နိုင်ငံနှင့် နိုင်ငံသားများအတွက် အားပေးပံ့ပိုးလျက် ကျွန်ုပ်တို့၏ နှိုးဆော်ခံရမှုအတိုင်း ဆက်လက်လိုက်လျှောက်ရန် ကျွန်ုပ်တို့သည် နှိမ့်ချစွာဖြင့် သန္နိဋ္ဌာန်ပြုပါသည်။ နိုင်ဂျီးရီးယားနိုင်ငံသည် လက်ရှိကြုံတွေ့ရလျက်ရှိသော အခက်အခဲများကို ဖြေရှင်းကျော်လွှားနိုင်သည့် အစွမ်းသတ္တိရှိကြောင်း ကျွန်ုပ်တို့အနေဖြင့် ခိုင်မြဲစွာ ယုံကြည်ပါသည်။ ကျွန်ုပ်တို့၏ မျှော်လင့်ခြင်း၊ နှင့် နိုင်ဂျီးရီးယား ခရစ်ယာန်ယုံကြည်သူ အပေါင်းတို့၏ မျှော်လင့်ခြင်းသည် ကားတိုင်ပေါ်၌ သက်တော်မြတ်ကိုစွန့်၍ သေခြင်းမှ ပြန်လည်ထမြောက်တော်မူသော ယေရှုခရစ်တော်အားဖြင့်သာ ဖြစ်ပါသည်။

## ယေရှုရှလင်နှင့် အရှေ့အလယ်ပိုင်းဒေသ အယ်ပီကိုစပယ် သာသနာနယ်၏ ထုတ်ပြန်ကြေညာချက်

### ကမကထပြုသူ- ဂိုဏ်းချုပ်ဘုန်းတော်ကြီး Hosam Naoum

၂၀၂၂ ခုနှစ်တွင် ကျင်းပသည့် Lambeth Conference သို့ တက်ရောက်ရန် ကန်တာဘာရီ ဂိုဏ်းချုပ်ဘုန်းတော်ကြီး၏ နှိုးဆော်ချက်အရ အင်္ဂလိကန် မိဿဟာယဝင် သာသနာပြည်နယ်များမှ လာရောက်၍ စုရုံးစည်းဝေးလျက်ရှိကြသည့် ကမ္ဘာလုံးဆိုင်ရာ အင်္ဂလိကန် မိဿဟာယဝင် ကျွန်ုပ်တို့ ဘုန်းတော်ကြီးများသည် ကျွန်ုပ်တို့၏ ကယ်တင်ရှင် ယေရှုခရစ်တော် အသက်တာနေထိုင်ခဲ့သည့်၊ သက်တော်မြတ်ကို စွန့်ခဲ့သည့်၊ သေခြင်းမှ ပြန်လည်ထမြောက်ခဲ့သည့် နေရာဒေသဖြစ်သည့် "အသက်ရှင်သောကျောက်များ" ဖြစ်သော သန့်ရှင်းသောမြေ၌ သမိုင်းကြောင်းအရ ခရစ်ယာန်များ နေထိုင်တည်ရှိခဲ့ခြင်းသည် အလွန်အရေးပါကြောင်း လက်ခံအတည်ပြုပါသည်။ အစ္စရေးနိုင်ငံနှင့် သိမ်းပိုက်ခံ ပါလက်စတိုင်း ပိုင်နက်များမှ တိုင်းရင်းသားနှင့် ဘာသာရေး လူမှုအသိုက်အဝန်းများ အားလုံးအတွက် ဘုံကောင်းကျိုးဆောင်ရန် ကျွန်ုပ်တို့၏ သန္နိဋ္ဌာန်အားဖြင့် ကျွန်ုပ်တို့သည် နိုင်ငံနှစ်ခုလုံး ဘေးချင်းကပ်တည်ရှိကာ ဘေးကင်းလုံခြုံမှုရှိပြီး ငြိမ်းချမ်းစွာနှင့် နိုင်ငံသားများ အားလုံး ဂုဏ်သိက္ခာရှိစွာ နေထိုင်နိုင်စေမည့် နိုင်ငံ-နှစ်ခု ဖြေရှင်းနည်းသည် အားလုံးအတွက် ရေရှည်တည်တံ့နိုင်မည့် အနာဂတ်ကို ဖန်တီးနိုင်ရန် အကောင်းဆုံးမျှော်လင့်ချက်ဖြစ်ကြောင်း ကျွန်ုပ်တို့၏ ယုံကြည်လက်ခံချက်ကို ထပ်လောင်းဖော်ပြပါသည်။

ယေရုရှလင်မြို့သည် အဆိုပါ အနာဂတ်မျှော်လင့်ချက်အတွက် သမိုင်းဝင်အစိတ်အပိုင်း တစ်ရပ်အဖြစ် ဆက်လက်တည်ရှိနေဆဲဖြစ်ပြီး ယေရုရှလင်မြို့တွင်း၌ ခရစ်ယာန်ယုံကြည်သူများ တည်ရှိနေထိုင်ခြင်းနှင့် ကြီးပွားတိုးတက်ခြင်းကို လေးစားသမှုထား၍ ကာကွယ်စောင့်ရှောက်ရန် ပြုသင့်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် အောက်ပါတို့ကို လက်ခံအတည်ပြုပါသည် -

- အစ္စရေးနိုင်ငံသည် လွတ်လပ်သော တိုင်းနိုင်ငံအဖြစ် ဘေးကင်းလုံခြုံမှုနှင့် အကာအကွယ်များကို ခံစားပိုင်ထိုက်သည့် နိုင်ငံဖြစ်သော်လည်း အခြား မည်သည့်နိုင်ငံကဲ့သို့မဆို နိုင်ငံတကာ ဥပဒေ၏ ပြဋ္ဌာန်းချက်များကို လိုက်နာရန်လည်း ဝတ္တရားရှိပါသည်။
- ဝက်စ်ဘန့်နှင့် ဂါဇာရှိ ပါလက်စတိုင်းလူမျိုး ပြည်သူများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရန် ဦးတည်ကြိုးပမ်းမှုများအတွက် နိုင်ငံ-နှစ်ခု ဖြေရှင်းနည်းနှင့် သိမ်းပိုက်ထားမှုကို စွန့်လွှတ်အဆုံးသတ်ခြင်းသည် ဒေသအတွင်းရှိ ခပ်သိမ်းသောသူများ အားလုံးအတွက် တရားမျှတပြီး ငြိမ်းချမ်းစွာ ကိုင်တွယ်ဖြေရှင်းနိုင်ရန် အကောင်းဆုံးသော မျှော်လင့်ချက် ဖြစ်ပါသည်။
- ယေရုရှလင်သည် ဂျူးယုံကြည်သူ၊ ခရစ်ယာန်ယုံကြည်သူ၊ နှင့် မွတ်ဆလင်ယုံကြည်သူ အသိုက်အဝန်းများအတွက် အဖိုးအနဂ္ဃ ထိုက်တန်သည့် မြို့တော်ဖြစ်ပါသည်။ · ထို့ကြောင့် ကုလသမဂ္ဂ၏ ဆုံးဖြတ်ဖော်ပြချက်နှင့်အညီ ကျွန်ုပ်တို့သည် ယေရုရှလင်မြို့သည် အစ္စရေးနှင့် သိမ်းပိုက်ခံ ပါလက်စတိုင်း ပိုင်နက်များအကြား အနာဂတ်တွင်ဆောင်ရွက်မည့် နိုင်ငံရေးဆိုင်ရာ သဘောတူညှိနှိုင်းမှုတွင်

မဖြစ်မနေ ထည့်သွင်းဆွေးနွေးဖြေရှင်းရမည့် ကိစ္စရပ်အဖြစ် သတ်မှတ်ပါသည်။

LAMBETH CONFERENCE
God's Church for God's world

**အီဂျစ်နိုင်ငံမှ အလက်ဇန်းဒရီးယား သာသနာပြည်နယ်ကို ကြိုဆိုရန်အတွက်**
**အားပေးပံ့ပိုးမှု ထုတ်ပြန်ကြေညာချက်**
**ကမကထပြုသူ- ဂိုဏ်းချုပ်ဘုန်းတော်ကြီး Sami Fawzi**

၂၀၂၂ ခုနှစ်တွင် ကျင်းပသည့် Lambeth Conference သို့ တက်ရောက်ရန် ကန်တာဘာရီ ဂိုဏ်းချုပ်ဘုန်းတော်ကြီး၏ နှိုးဆော်ချက်အရ အင်္ဂလိကန် မိဿဟာယဝင် သာသနာပြည်နယ်များမှ လာရောက်၍ စုရုံးစည်းဝေးလျက်ရှိကြသည့် ကမ္ဘာလုံးဆိုင်ရာ အင်္ဂလိကန် မိဿဟာယဝင် ကျွန်ုပ်တို့ ဘုန်းတော်ကြီးများသည် ကျွန်ုပ်တို့ နောက်ဆုံးအကြိမ် စုရုံးခဲ့ကြသည့် ၂၀၀၈ ခုနှစ် နောက်ပိုင်း၌ ဖွဲ့စည်းထူထောင်ခဲ့ကြသော မိဿဟာယဝင် အသင်းတော်များ (သာသနာပြည်နယ်များ) နှင့် အဆိုပါ သာသနာပြည်နယ်များ၌ အပါအဝင်ဖြစ်သော အလက်ဇန်းဒရီးယား အယ်ပီကိုစပယ်/အင်္ဂလိကန် သာသနာပြည်နယ်အတွက် အနန္တတန်ခိုးရှင် ဘုရားသခင်၏ ကျေးဇူးတော်ကို ချီးမွမ်းပါသည်။

ကျွန်ုပ်တို့သည် အလက်ဇန်းဒရီးယား သာသနာပြည်နယ်ကို အာဖရိကဒေသ အင်္ဂလိကန် သာသနာပြည်နယ်များကောင်စီ၊ အရှေ့အလယ်ပိုင်းဒေသ အသင်းတော်များကောင်စီ၊ အာဖရိကဒေသလုံးဆိုင်ရာ အသင်းတော်များ စည်းဝေးပွဲညီလာခံ နှင့် ကမ္ဘာလုံးဆိုင်ရာ အသင်းတော်များကောင်စီ၌ အပြည့်အဝ သက်ဆိုင်ပါဝင်သည့် အဖွဲ့ဝင်အဖြစ် ကြိုဆိုပါသည်။ သာသနာပြည်နယ်၊ အထူးသဖြင့် အီဂျစ် သာသနာနယ်အနေဖြင့် အီဂျစ်နိုင်ငံ အသင်းတော်များကောင်စီကို ဖွဲ့စည်းထူထောင်ရာတွင် ကနဦးအဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်ကာ တစ်လုံးတစ်ဝတည်းဖြစ်ခြင်းဆိုင်ရာ ကြိုးပမ်းမှုများအတွက် သန္နိဋ္ဌာန်စွဲမြဲဆောင်ရွက်ခြင်းအတွက် ကျွန်ုပ်တို့အနေဖြင့်

ရှင်လန်းဝမ်းမြောက်ရပါသည်။ အလားတူပင် သာသနာနယ်သည် မွတ်ဆလင်ယုံကြည်သူ အသိုင်းအဝိုင်းမှ Al Azhar Al Sharif ၏ တစ်မူထူးကဲပြားသော အခန်းကဏ္ဍဆောင်ရွက်မှုအပေါ် အခြေခံ၍ ဘာသာပေါင်းစုံ ဆက်ဆံရေးများ၊ အထူးသဖြင့် အစ္စလာမ်ဘာသာနှင့် ဆက်ဆံရေးများတွင် ဦးစီးဦးရွက်ပြုသည့်အတွက်လည်း ကျွန်ုပ်တို့အနေဖြင့် ကျေးဇူးတင်ရှိပါသည်။ အသစ်ဖွဲ့စည်းထူထောင်ထားသည့် ခရစ်ယာန်-မွတ်ဆလင် အပြန်အလှန် နားလည်မှုနှင့် မိတ်ဖွဲ့ပူးပေါင်းမှု စင်တာ နှင့် သာသနာနယ်သည် အီဂျစ်နိုင်ငံ၏ Bait al 'Aila တွင် အဖွဲ့ဝင်အဖြစ် ပါဝင်မှုအပေါ် အခြေခံ၍ ဆောင်ရွက်လျက်ရှိသည့် အစီအစဉ်များအတွက် ကျွန်ုပ်တို့အနေဖြင့် အားပေးပံ့ပိုးလျက်ရှိကြောင်း သတင်းစကားပါးလိုပါသည်။

နယ်စပ်အားလုံး၌ ဖြစ်ပွားလျက်ရှိသော ပဋိပက္ခများ၊ COVID နှင့် နိုင်ငံတကာ မတည်ငြိမ်မှုကြောင့် စီးပွားရေးအပေါ် ထိခိုက်မှုများ ရှိလင့်ကစား အီဂျစ်နိုင်ငံသည် ၎င်း၏နိုင်ငံသူနိုင်ငံသားများနှင့် (ကျွန်ုပ်တို့၏ သမ္မာကျမ်းစာတွင် ဖော်ပြထားသည့်အတိုင်း သန့်ရှင်းသောမိသားစုကို ခိုလှုံနေထိုင်ခွင့်ပြုခဲ့ခြင်း အပါအဝင်) ရှေးကပင်ပြုကျင့်ခဲ့သည့် ထုံးတမ်းဖြစ်သော ဧည့်ဝတ်ပြုမှုအားဖြင့် ကြိုဆိုလက်ခံထားသည့် လူပုဂ္ဂိုလ်များ နှစ်မျိုးလုံးအနေဖြင့် အပြန်အလှန် ဖေးမကာ ကြီးပွားတိုးတက်နိုင်စေရန် အားထုတ်ကြိုးပမ်းလျက် ရှိပါသည်။ ဤဓလေ့ထုံးတမ်းနှင့် လူ့ယဉ်ကျေးမှုအဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်မှုတွင် အီဂျစ်နိုင်ငံ၏ ပါဝင်အားဖြည့်မှုအတွက် ကျေးဇူးတင်ရှိသည့် များစွာသောသူများနှင့် အတူတကွ ကျွန်ုပ်တို့သည် နိုင်ငံအတွင်း၌ ငြိမ်းချမ်းခြင်း၊ တိုးတက်ပြောင်းလဲခြင်းနှင့် ကြွယ်ဝကြီးပွားခြင်း ရှိစေရန် ဆုတောင်းပဌနာ ပြုလျက်ရှိပါသည်။

အီဂျစ်နိုင်ငံ၏ လူမှုအဖွဲ့အစည်းနှင့် ကျွန်ုပ်တို့၏ ကမ္ဘာလုံးဆိုင်ရာ မိသဿဟာယအတွက် အီဂျစ် သာသနာနယ်အနေဖြင့် ဆောင်ရွက်ပေးခဲ့သည့် အားဖြည့်ကူညီမှုများသည် သာသနာနယ်၏ အမှီအခိုကင်း လွတ်လပ်ခွင့်နှင့် ကိုယ်ပိုင်စီမံအုပ်ချုပ်ခွင့်ကို ကန့်သတ်ရန် ကြိုးပမ်းချက်များအားဖြင့် ထိခိုက်ပျက်စီးနိုင်သည့် အခြေအနေကြောင့် ကျွန်ုပ်တို့သည် စိတ်နှလုံး ထိခိုက်လျက်ရှိပြီး စိုးရိမ်ပူပန်ကြောင်း ဖော်ပြလိုပါသည်။ သာသနာနယ်အနေဖြင့် အဆိုပါ ကြိုးပမ်းချက်များကို တွန်းလှန်ရန် ကြိုးပမ်းချက်အပေါ် ကျွန်ုပ်တို့သည် အားပေးပံ့ပိုးလျက်ရှိကြောင်း ထပ်လောင်းဖော်ပြပြီး ကျွန်ုပ်တို့နှင့်အတူ လက်တွဲပူးပေါင်းရန် ကျွန်ုပ်တို့၏ မောင်နှမအသင်းတော်များ၊ ဘာသာပေါင်းစုံ မိတ်ဖက်များနှင့် စိတ်စေတနာမွန်ရှိသူများ အားလုံးကို တိုက်တွန်းနှိုးဆော်ပါသည်။ သမ္မတ Abdel Fattah El-Sisi အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အလက်ဇန်းဒရီးယား အယ်ပီကိုစပယ်/အင်္ဂလိကန် သာသနာပြည်နယ် တည်ထောင်ခြင်းကို အသိအမှတ်ပြုပြီး အီဂျစ်နိုင်ငံနှင့် ဝန်းကျင်ဒေသအတွက် အီဂျစ်နိုင်ငံ အင်္ဂလိကန် သာသနာနယ်က ကောင်းကျိုးထမ်းဆောင်ပေးခဲ့ခြင်းကို လက်ခံကြေညာရန် မေတ္တာရပ်ခံ တောင်းဆိုပါသည်။ အီဂျစ် အာရပ်ပြည်သူ့သမ္မတနိုင်ငံအတွင်း၌ ကိုယ်ပိုင်စီမံအုပ်ချုပ်ခွင့်ရ အသင်းတော်အဖြစ် လုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် လက်တွေ့ကျသည့် ခွင့်ပြုချက်ကို ပြန်လည်ပေးအပ်ရန်အလို့ငှာ မကြာသေးမီက စတင်ဆောင်ရွက်ခဲ့သော ဆွေးနွေးမှုများကိုလည်း အဆောတလျင် အပြီးသတ်ဆုံးဖြတ်ချက်ချမှတ်ရန် ကျွန်ုပ်တို့အနေဖြင့် တိုက်တွန်းနှိုးဆော်ပါသည်။

## ယူကရိန်းနိုင်ငံ အခြေအနေနှင့်စပ်လျဉ်း၍ အားပေးပံ့ပိုးမှု ထုတ်ပြန်ကြေညာချက်

**ကမကထပြုသူ- ဘုန်းတော်ကြီး Robert Innes**

၂၀၂၂ ခုနှစ်တွင် ကျင်းပသည့် Lambeth Conference သို့ တက်ရောက်ရန် ကန်တာဘာရီ ဂိုဏ်းချုပ်ဘုန်းတော်ကြီး၏ နှိုးဆော်ချက်အရ အင်္ဂလိကန် မိဿဟာယဝင် သာသနာပြည်နယ်များမှ လာရောက်၍ စုရုံးစည်းဝေးလျက်ရှိကြသည့် ကမ္ဘာလုံးဆိုင်ရာ အင်္ဂလိကန် မိဿဟာယဝင် ကျွန်ုပ်တို့ ဘုန်းတော်ကြီးများသည် ယူကရိန်းနိုင်ငံ

အခြေအနေနှင့်စပ်လျဉ်း၍ အားပေးပံ့ပိုးမှု ထုတ်ပြန်ကြေညာချက်ကို ထုတ်ပြန်လိုပါသည်။

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီ ၂၄ ရက်နေ့တွင် ရုရှားဖက်ဒရေးရှင်း၏ ကျူးကျော်မှု အစပြုချိန်မှ စတင်၍ ထောင်နှင့်ချီသော ယူကရိန်းပြည်သူများ၏ အသက်များ ဆုံးရှုံးရပြီး မာရီယူပိုကဲ့သို့ မြို့ကြီးများသည်လည်း အပျက်အစီးများ ကြုံတွေ့ရကာ အရပ်သားပြည်သူတို့အတွက် တည်ဆောက်ထားသည့် အခြေခံအဆောက်အအုံများသည်လည်း ထိခိုက်ပျက်စီးခဲ့ရပါသည်။ ဇွန်လ ၁ ရက်နေ့အထိ ရရှိသောအချက်အလက်များအရ ယူကရိန်းနိုင်ငံကို စွန့်ခွာသွားသည့် ခိုလှုံဒုက္ခသည် ၇ သန်းနီးပါးရှိပြီး နိုင်ငံအတွင်း၌ပင် နေရပ်စွန့်ခွာ တိမ်းရှောင်သူဦးရေလည်း ၇ သန်း ရှိပါသည်။ ယူကရိန်းနိုင်ငံသား အားလုံး၏ လေးပုံတစ်ပုံကျော်သည် ၎င်းတို့၏ နေအိမ်များကို စွန့်ခွာတိမ်းရှောင်ခဲ့ကြရပါသည်။ စတင်ဆောင်ရွက်နေပြီဖြစ်သော လူသားချင်းစာနာထောက်ထားမှု အကူအညီပံ့ပိုးရေး ကြီးမားစွာကြိုးပမ်းချက်တွင် အင်္ဂလိကန် အသင်းတော်သည် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်အားဖြည့်ခဲ့ပါသည်။

စစ်ပွဲအစပြုချိန်မှ စတင်ဖြစ်ပွားခဲ့သည့် ယူကရိန်း စိုက်ပျိုးရေးထုတ်ကုန်များ ကျဆင်းမှုကြောင့် ကမ္ဘာ့တောင်ဘက်ခြမ်းရှိ နိုင်ငံများသည် ယခုအခါ၌ ထိခိုက်နစ်နာမှုကြီးမားနိုင်သော အကျိုးဆက်များကို ကြုံတွေ့နေရပြီဖြစ်ကာ စားနပ်ရိက္ခာ ပြတ်လပ်မှုနှင့် ရွေးချယ်ခွင့်မရှိဘဲ ရွှေ့ပြောင်းနေထိုင်ရခြင်း ပိုမိုဖြစ်ပွားမှုတို့ကို ကြုံတွေ့ရနိုင်ပါသည်။

နီးကပ်စွာတည်ရှိနေသော ဥရောပနိုင်ငံများအနေဖြင့်လည်း စစ်မီးတောက် ကူးစက်လာမည့်အရေးကို စိုးထိတ်ပူပန်လျက် ရှိပါသည်။ NATO သည် အရှေ့ဥရောပဒေသ၌ စစ်လက်နက်တပ်ဆင်မှုကို အကြီးအကျယ် မြှင့်တင်ဆောင်ရွက်လျက် ရှိပါသည်။ ရုရှားနိုင်ငံအတွင်း၌ စစ်ပွဲဆန့်ကျင်ရေး

လုပ်ရှားမှုများကို ဖိနှိပ်ထားသော်လည်း နိုင်ငံသား အမြောက်အများအနေဖြင့် စီးပွားရေး အခက်အခဲနှင့် ဝမ်းနည်းပူဆွေးခြင်းကို ကြုံတွေ့ခံစားရနိုင်ပါသည်။

ယူကရိန်းနိုင်ငံ၌ ဖြစ်ပွားနေသည့် စစ်ပွဲသည် တရားမဝင်ဘဲ ကျိုးကြောင်းမဆီလျော်ကြောင်း ကမ္ဘာတဝန်း၌ ကျယ်ပြန့်စွာ ဝိုင်းဝန်းရှုတ်ချလျက် ရှိပါသည်။ ကန်တာဘာရီ ဂိုဏ်းချုပ်ဘုန်းတော်ကြီးနှင့် ယော့ဂိုဏ်းချုပ်ဘုန်းတော်ကြီးတို့က ရုရှား၏ ယူကရိန်းအပေါ် ကျူးကျော်မှုကို 'လွန်စွာဆိုးယုတ်သော အမှု' ဟု ဖော်ပြခဲ့ပါသည်။ စစ်မက်ရင်ဆိုင်ခြင်းကို အချိန်မဆိုင်းဘဲ လက်ငင်းရပ်တန့်ရန်အတွက် ကမ္ဘာလုံးဆိုင်ရာ အသင်းတော်ကောင်စီသည် များစွာသော တစ်သီးပုဂ္ဂလ အသင်းတော်များမှ အသင်းတော်ခေါင်းဆောင်များနှင့် အတူတကွ တိုက်တွန်းနှိုးဆော်ပြီး ဖြစ်ပါသည်။ ဤပဋိပက္ခတွင် ဆင်းရဲဒုက္ခကြုံတွေ့ခံစားရသူများ အားလုံးနှင့်အတူ ကျွန်ုပ်တို့သည် စည်းလုံးညီညွတ်စွာ တစ်သားတည်းရှိကြောင်း အသိပေးဖော်ပြလိုပါသည်။

လက်နက်ဖြင့် ရန်ပြုတိုက်ခိုက်လာခြင်းကို ခုခံကာကွယ်ရန်အလို့ငှာ ယူကရိန်းနိုင်ငံက ဆောင်ရွက်လျက်ရှိသော လုပ်ဆောင်ချက်များနှင့် စစ်ရေးအကူအညီပေးအပ်ရန် နိုင်ငံတကာအသိုက်အဝန်းထံ တောင်းခံမှုများကို ကျွန်ုပ်တို့အနေဖြင့် အသိအမှတ်ပြုပါသည်။ တစ်ချိန်တည်းတွင် ကျွန်ုပ်တို့သည် ငြိမ်းချမ်းရေးကို ကြိုးပမ်းဖော်ဆောင်ရန်နှင့် မြှင့်တင်ရန်အတွက် နိုင်ငံတကာ အသိုက်အဝန်းအနေဖြင့် များစွာ ပိုမိုမြင့်မားသော ရင်းနှီးမြှုပ်နှံမှုကို ချမှတ်ဆောင်ရွက်ရန် WCC ၏ နှိုးဆော်ချက်ကို ထပ်တူပြုထောက်ခံပြီး ဆွေးနွေးမှုနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်ရန် ကြိုးပမ်းအားထုတ်မှု အားလုံးကို ချီးမွမ်းထောမနာ ပြုပါသည်။ ဆွေးနွေးညှိနှိုင်းခြင်းဖြင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုကို အားပေးမြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် ကီယက်ဗ်နှင့် မော်စကိုသို့ ကိုယ်စားလှယ်အဖွဲ့များ စေလွှတ်ပြီး နေရာဒေသနှစ်ခုလုံးရှိ အသင်းတော်များ၏ ခေါင်းဆောင်များနှင့် တွေ့ဆုံစေမည့် WCC အတွင်းရေးမှူးချုပ်က ဦးစီးဦးရွက်ပြုသော 'တရားမျှတရေးနှင့် ငြိမ်းချမ်းရေး

ဖော်ဆောင်မှုခရီးစဉ်’ အတွက် WCC အဆိုပြုချက်ကို ကျွန်ုပ်တို့သည် ထောက်ခံအားပေးကြောင်း မှတ်ချက်ပြုလိုပါသည်။ ယခင်ထက် အန္တရာယ်ပိုမိုများပြားလာပြီး တည်ငြိမ်မှုလျော့နည်းလာသော ကမ္ဘာလောကတွင် ကျွန်ုပ်တို့သည် ငြိမ်းချမ်းရေးတည်ဆောက်သူများအဖြစ် လုပ်ဆောင်ပြီး ခရစ်တော်ယေရှုအားဖြင့် လူသားအားလုံး ပြန်လည်သင့်မြတ်ရေးကို အန္တိမရည်မှန်းချက်အဖြစ် ကြိုးပမ်းဖော်ဆောင်ရန် အသင်းတော်အနေဖြင့် ဆောင်ရွက်ရမည့် မစ်ရှင်ကို ဖြည့်ဆည်းရာတွင် အခက်အခဲများ ကြုံရလျက်ရှိပါသည်။

## ဆူဒန်နိုင်ငံအတွက် အားပေးပံ့ပိုးမှု ထုတ်ပြန်ကြေညာချက်

**ကမကထပြုသူ- ဂိုဏ်းချုပ်ဘုန်းတော်ကြီး Ezekiel Guti**

၂၀၂၂ ခုနှစ်တွင် ကျင်းပသည့် Lambeth Conference သို့ တက်ရောက်ရန် ကန်တာဘာရီ ဂိုဏ်းချုပ်ဘုန်းတော်ကြီး၏ နှိုးဆော်ချက်အရ အင်္ဂလိကန် မိဿဟာယဝင် သာသနာပြည်နယ်များမှ လာရောက်၍ စုရုံးစည်းဝေးလျက်ရှိကြသည့် ကမ္ဘာလုံးဆိုင်ရာ အင်္ဂလိကန် မိဿဟာယဝင် ကျွန်ုပ်တို့ ဘုန်းတော်ကြီးများသည် နိုင်ငံကောင်းကျိုးအတွက် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို ဖော်ဆောင်ရန် နှင့် ဒီမိုကရက်တစ် အစိုးရကို တင်မြှောက်ရန်အတွက် ဆွေးနွေးမှုတွင် ပါဝင်ဆောင်ရွက်လိုသည့် ဆူဒန် အယ်ပီကိုစပယ် အသင်းတော်၏ ဆန္ဒကို အားပေးပံ့ပိုးပါသည်။ ကျွန်ုပ်တို့သည် အောက်ပါသန္နိဋ္ဌာန်များကို ချမှတ်ကျင့်သုံးလျက်ရှိကြောင်း ဖော်ပြပါသည် -

၁။ ဆူဒန်နိုင်ငံ၌ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေး ဖော်ဆောင်နိုင်စေရန် ဆက်လက်၍ ဆုတောင်းပဌနာ ပြုပါမည်။

၂။ လုံခြုံရေးနှင့် စီးပွားရေးဆိုင်ရာ ပြဿနာများကို ဖြေရှင်းရန်အတွက် နည်းလမ်းကြံဆရှာဖွေရန်နှင့် သာမန်ပြည်သူများအတွက် အခြေခံ ဝန်ဆောင်မှုများ စီစဉ်ပေးအပ်ရန် ဆူဒန်နိုင်ငံ အစိုးရကို တိုက်တွန်းပါမည်။

၃။ နိုင်ငံသားများ အားလုံးအတွက် ကာကွယ်စောင့်ရှောက်မှု ပေးနိုင်ရန်အလို့ငှာ ဒါဖာ၊ တောင်ကော်ဒိုဖန်၊ တောင်ဘလူးနိုင်းနှင့် အရှေ့ဆူဒန်ရှိ လုံခြုံရေးဆိုင်ရာ ပြဿနာများကို အခြေအနေတိုးတက်လာအောင် ဖြေရှင်းရန် ဆူဒန်နိုင်ငံ အစိုးရကို တိုက်တွန်းပါမည်။

၄။ ဆူဒန်နိုင်ငံအတွင်း အသင်းတော်သစ် ဖွဲ့စည်းတည်ထောင်မှုများအတွက် ခွင့်ပြုချက်ပေးရန်နှင့် အသင်းတော်မိတ်ဖက်များကို နှောင့်နှေးကြန့်ကြာမှုမရှိဘဲ ပြည်ဝင်ခွင့်များ ပေးအပ်ရန် ဆူဒန်နိုင်ငံ အစိုးရကို တိုက်တွန်းပါမည်။

၅။ ဆူဒန်နိုင်ငံနှင့် အီသီယိုးပီးယားနိုင်ငံအကြား မကြာသေးမီက ဖြစ်ပွားခဲ့ပြီး အပြစ်မဲ့လူ့အသက်များကို ဆုံးရှုံးစေခဲ့သည့် ပဋိပက္ခများကို ဖော်ထုတ်အတည်ပြု၍ ဖြေရှင်းရန် ဆူဒန်နိုင်ငံနှင့် အီသီယိုးပီးယားနိုင်ငံ အစိုးရများကို တိုက်တွန်းပါမည်။

၆။ တရားမျှတပြီး ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်ရန်အတွက် သတ်ဖြတ်မှုများနှင့် ဆန္ဒပြမှုများ ရပ်တန့်ချုပ်ငြိမ်းခြင်းကို အားပေးပံ့ပိုးပါမည်။

၇။ ဆူဒန်နိုင်ငံတွင် နိုင်ငံသားများ အားလုံးအတွက် လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့် သို့မဟုတ် ခံယူယုံကြည်ခွင့်ကို ပေးအပ်ပြီး လူနည်းစု အသိုက်အဝန်းများအားလုံး အပါအဝင် နိုင်ငံသားအားလုံး၏ တန်းတူညီမျှ ခံစားပိုင်ခွင့်ရှိသည့် အခွင့်အရေးများကို လေးစားမှုရှိသော အနာဂတ် ဒီမိုကရေစီစနစ် ဖော်ဆောင်နိုင်ရန် အားပေးပံ့ပိုးပါမည်။

## ပါကစ္စတန်နိုင်ငံအတွက် အားပေးပံ့ပိုးမှု ထုတ်ပြန်ကြေညာချက်

### ကမကထပြုသူ– ဘုန်းတော်ကြီး Azad Marshall

၂၀၂၂ ခုနှစ်တွင် ကျင်းပသည့် Lambeth Conference သို့ တက်ရောက်ရန် ကန်တာဘာရီ ဂိုဏ်းချုပ်ကြီး၏ နှိုးဆော်ချက်အရ အင်္ဂလိကန် မိဿဟာယဝင် သာသနာပြည်နယ်များမှ လာရောက်၍ စုရုံးစည်းဝေးလျက်ရှိကြသည့် ကမ္ဘာလုံးဆိုင်ရာ အင်္ဂလိကန် မိဿဟာယဝင် ကျွန်ုပ်တို့ ဘုန်းတော်ကြီးများသည် ပါကစ္စတန် အသင်းတော်နှင့် တစ်သားတည်းရှိကြောင်း ဖော်ပြလိုပါသည်။

အောက်ဖော်ပြပါတို့နှင့်ပတ်သက်သော ၎င်းတို့၏ နှိုးဆော်ချက်အား ကျွန်ုပ်တို့အနေဖြင့် အားပေးပံ့ပိုးပါသည်–

၁။ အတင်းအကျပ် ဖိအားပေး၍ အသက်မပြည့်သေးဘဲ အိမ်ထောင်ချပေးမှုအား အဆုံးသတ်ရန်၊ နှင့် မိန်းကလေးငယ်များ အားလုံးအတွက်၊ အထူးသဖြင့် လူနည်းစု အသိုက်အဝန်းများမှ မိန်းကလေးငယ်များအတွက် သင့်တင့်သော ဥပဒေရေးရာ အကာအကွယ်ပေးရန်၊ ဤသို့အားဖြင့် ၎င်းတို့၏ ရုပ်ပိုင်းဆိုင်ရာ နှင့် ဘာသာရေးဆိုင်ရာ လွတ်လပ်ခွင့်များ ချိုးဖောက်ခြင်း မခံရစေရန်

၂။ ခရစ်ယာန်များ နှင့် အခြားဘာသာကိုးကွယ်သူ လူနည်းစုများအပေါ် ထင်သလို စွပ်စွဲမှုများ ပြုလုပ်ခွင့်ပေးနေသည့်၊ ထို့အပြင် အဆိုပါသော မမှန်မကန် စွပ်စွဲမှုများ၏ အရင်းအမြစ် အတည်ပြု ဥပဒေဖြစ်သည့် ဘုရားအားပြစ်မှားပြောဆိုခြင်း ဥပဒေ (Blasphemy Law) အားဖြင့် နိုင်ထက်စီးနင်းပြုကျင့်မှုများကို အဆုံးသတ်ရန်

၃။ ဘုရားအားပြစ်မှားပြောဆိုခြင်း ဥပဒေ၏ မမှန်မကန် စွပ်စွဲမှုများဖြင့် လက်ရှိတွင် ထိန်းသိမ်းထားခံရသူများ အားလုံး အကျဉ်းချခံထားရခြင်းမှ လွတ်မြောက်စေရန်

၄။ ပါကစ္စတန်ရှိ လူနည်းစု ဘာသာရေးအသိုက်အဝန်းများအနေဖြင့် အနောက်တိုင်းမှ ပံ့ပိုးကူညီမှုများကို ရရှိနိုင်စေရန်၊ ဤသို့အားဖြင့် ၎င်းတို့သည်

ပညာရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် ရန်ပုံငွေများ ရရှိကာ တန်းတူညီမျှသော အခွင့်အရေးများ ရရှိလာစေရန်။

ပါကစ္စတန်အသင်းတော်အတွက် ခွန်အား နှင့် သတ္တိ ရရှိစေဖို့ရန်၊ ထို့အပြင် အသင်းတော်အတွက်၊ တစ်ကမ္ဘာလုံးအတွက် ခရစ်တော်ဘုရား၏ မြတ်သော ကျေးဇူးတော်အား ပုံသက်သေပြသနိုင်စေကာ ဖိနှိပ်ခံရမှုများမှ သက်သာရာရစေရန်၊ ထို့အပြင် ကယ်တင်ခြင်းခံရ၍ ဝမ်းမြောက်မှု ရရှိစေဖို့ရန် ကျွန်ုပ်တို့အနေဖြင့် ဆုတောင်းပဌနာ ပြုလျက်ရှိပါသည်။

**တောင်ဆူဒန်နိုင်ငံ၏ အင်္ဂလိကန်အသင်းတော်နှင့်စပ်လျဥ်း၍ ထုတ်ပြန်ကြေညာချက်**

**ကမကထပြုသူ– ဂိုဏ်းချုပ်ဘုန်းတော်ကြီး Justin Badi**

၂၀၂၂ ခုနှစ်တွင် ကျင်းပသည့် Lambeth Conference သို့ တက်ရောက်ရန် ကန်တာဘာရီ ဂိုဏ်းချုပ်ဘုန်းတော်ကြီး၏ နှိုးဆော်ချက်အရ စုရုံးစည်းဝေးလျက်ရှိကြသည့် ကမ္ဘာလုံးဆိုင်ရာ အင်္ဂလိကန် မိဿဟာယဝင် ကျွန်ုပ်တို့ ဘုန်းတော်ကြီးများသည် တောင်ဆူဒန်နိုင်ငံအတွင်း ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် တည်ငြိမ်မှုတို့နှင့် ပတ်သက်၍ ကျွန်ုပ်တို့၏ သန္နိဋ္ဌာန်စွဲမြဲချက်ကို ထပ်လောင်းအတည်ပြုပါသည်။

တောင်ဆူဒန်နိုင်ငံတွင် ရာသီဥတု အပြောင်းအလဲ၏ သက်ရောက်မှုကို ခံစားရလျက်ရှိပြီး၊ ရေကြီး၊ ရေလွှမ်းမှုများ အကြိမ်ရေပိုမိုမြင့်မားစွာ ဖြစ်ပွားမှုကြောင့် နဂိုကပင် ဘေးအန္တရာယ်မကင်းသော လူပေါင်းများစွာ၏ အသက်များ ပိုမိုထိခိုက်စေသည်ကို ကျွန်ုပ်တို့ သိရှိပါသည်။ ဆင်းရဲချို့တဲ့မှု နှင့် အလုပ်လက်မဲ့ဖြစ်မှုများကြောင့် ဤအကျပ်အတည်းသည် ပိုမိုခက်ခဲနက်ရှိုင်းလာပြီး အများအပြားသော လူငယ်တို့သည် မျှော်လင့်ချက်ကင်းမဲ့မှုကြောင့် နိုင်ငံကို စွန့်ခွာလျက်ရှိကြပါသည်။

ငြိမ်းချမ်းရေး၏ အရှင်သခင်၊ သခင်ယေရှုခရစ်တော်အားဖြင့် ကျွန်ုပ်တို့၏ မျှော်လင့်ခြင်းသည် တည်ကြည်လျက် ရှိပြီး၊ အဦးဆုံးသည် နောက်ဆုံးဖြစ်ပြီး၊ နောက်ဆုံးသည် အဦးဆုံးဖြစ်မည့် ဘုရားသခင်၏နိုင်ငံတော်အား ကျွန်ုပ်တို့ ရှာဖွေပါသည်။ တောင်ဆုဒန်တွင် ငြိမ်းချမ်းရေးနှင့် တရားမျှတမှု ရှိရန်၊ လူသားအားလုံး ပြည့်လျှံသော အသက်တာအား ရရှိစေရန်၊ ထို့အပြင် ခရစ်တော်အားဖြင့် ဘုရားသခင်နှင့် ပြန်လည်သင့်မြတ်သော၊ တစ်ဦးနှင့်တစ်ဦး ပြန်လည်သင့်မြတ်သော၊ ဘုရားသခင် ဖန်ဆင်းသည့် အရာခပ်သိမ်းနှင့် ပြန်လည်သင့်မြတ်သော အသက်တာများတွင် ခံစားရသည့် ရှလုမ်း ငြိမ်းချမ်းမှု နှင့် တစ်လုံးတစ်ဝတည်း ပြည့်စုံမှုတို့၏ အနက်အဓိပ္ပါယ်အား နားလည်သိရှိကြမည့် အနာဂတ်ကို ရရှိစေဖို့ရန် ကျွန်ုပ်တို့ ဆုတောင်းပဌနာ ပြုလျက်ရှိပါသည်။

**Ceylon အသင်းတော်၊ သီရိလင်္ကာနိုင်ငံရှိ အင်္ဂလိကန် အသင်းတော်၊ ထုတ်ပြန်ကြေညာချက်**

**ကမကထပြုသူ– ညာလက်ရုံး သိက္ခာတော်ရဆရာတော် Keerthisiri Fernando**

၂၀၂၂ ခုနှစ်တွင် ကျင်းပသည့် Lambeth Conference သို့ တက်ရောက်ရန် ကန်တာဘာရီ ဂိုဏ်းချုပ်ဘုန်းတော်ကြီး၏ နှိုးဆော်ချက်အရ စုရုံးစည်းဝေးလျက်ရှိကြသည့် ကမ္ဘာလုံးဆိုင်ရာ အင်္ဂလိကန် မိဿဟာယဝင် ကျွန်ုပ်တို့ ဘုန်းတော်ကြီးများသည် -

၁။ တရားဥပဒေစိုးမိုးရေးအား မြှင့်တင်ရန်၊ ထို့အပြင် အကျင့်ပျက်ခြစားမှုများ၊ ဆွေမျိုးကောင်းစားရေးဝါဒ နှင့် အုပ်ချုပ်ရေးညံ့ဖျင်းမှုများ ကင်းဝေးသည့် အစိုးရတစ်ရပ်ကို တင်မြှောက်ရန်အလို့ငှာ နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ နှင့် နိုင်ငံရေးဖွဲ့စည်းမှုအပိုင်းများတွင် လုံးလုံးလျားလျား အပြောင်းအလဲများ ဖော်ဆောင်ရန် ဦးတည်၍ မကြာသေးမီ လများအတွင်း သီရိလင်္ကာနိုင်ငံ၌ ပေါ်ပေါက်ခဲ့သော ဆန္ဒပြလှုပ်ရှားမှုများ၊ လူမှုအဖွဲ့အစည်းနှင့် နိုင်ငံအတွင်းရှိ အသင်းတော်များ၏ ငြိမ်းချမ်းစွာ ဆောင်ရွက်သော ကမ်ပိန်းများကို ထောက်ခံရပ်တည်ပါသည်။

၂။ သီရိလင်္ကာနိုင်ငံ၏ သမ္မတသစ်နှင့် အစိုးရသစ်အနေဖြင့် မိမိတို့နိုင်ငံ ရင်ဆိုင်နေရသော ပြင်းထန်သည့် စီးပွားရေး အကျပ်အတည်းအား ဖြေရှင်းရန်အလို့ငှာ နိုင်ငံရေး နှင့် စီးပွားရေး ပြုပြင်ပြောင်းလဲမှု အစီအစဉ်တစ်ရပ် ရေးဆွဲချမှတ်၍ သဘောတူလက်ခံကြရန်အတွက် အားလုံးသော နိုင်ငံရေးပါတီများနှင့် ငြိမ်းချမ်းစွာ ဆန္ဒပြလှုပ်ရှားသူများကို စုစည်းညီညွတ်စေကာ တစ်ဖက်တွင်လည်း ရပ်ရွာအသိုက်အဝန်းမှ ပိုမိုဆင်းရဲချို့တဲ့သော အစုအဖွဲ့များအနေဖြင့် အဆိုပါ ကုစားပြင်ဆင် ဆောင်ရွက်မှု၏ ဝန်ထုပ်ကို မထမ်းပိုးရစေရန်အတွက် စီစဉ်ဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ပါသည်။

၃။ အခြေခံလိုအပ်သော အသုံးအဆောင်ပစ္စည်းများ ရှားပါးမှု၊ နေ့စဉ် နေထိုင်မှုဘဝများ ပျက်ယွင်းထိခိုက်မှု၊ ဆေးရုံများတွင် ဆေးဝါးများ ဆိုးဆိုးရွားရွား ပြတ်လပ်မှု၊ စာသင်ကျောင်းများ နှင့် တက္ကသိုလ်များ၏ ပညာရေးလုပ်ငန်းစဉ်များ ပျက်ယွင်းထိခိုက်မှုနှင့် လယ်ယာစိုက်ပျိုးရေး၊ သီးပင်စိုက်ပျိုးမှု နှင့် ငါးဖမ်းလုပ်ငန်းများတွင် နစ်နာခံစားရမှုများ နှင့် နေရာရွှေ့ပြောင်းရမှုများ အစရှိသည်တို့ကြောင့် နိုင်ငံသူနိုင်ငံသားများသည် ပြင်းထန်ဆိုးရွားသော အခက်အခဲများနှင့် ရင်ဆိုင်ရလျက်ရှိသည်ကို အသိအမှတ်ပြုပါသည်။

၄။ ဤလက်ငင်းဖြေရှင်းရမည့် အခက်အခဲများကို ဖြေရှင်းရာ၌ ကာလကြာရှည် ဖြစ်ပွားခဲ့ပြီး ဝမ်းနည်းဖွယ်သော ပြည်တွင်းစစ်ကို ကျော်လွန်ပြီးနောက် နိုင်ငံတော် ပြန်လည်စည်းလုံးညီညွတ်ရေး နှင့် အကူးအပြောင်းကာလဆိုင်ရာ တရားမျှတမှုတို့ကို ဖော်ဆောင်ရန်အတွက် မပြီးပြတ်သေးသော အရေးကြီးလှသည့် တာဝန်များကို ပျက်ကွက်ခြင်းမရှိစေဘဲ ဆောင်ရွက်ရမည်ဖြစ်ကြောင်း မှတ်ချက်ပြုလိုပါသည်။

၅။ သာမန်အရပ်သားများ ရင်ဆိုင်နေရသည့် အခက်အခဲများကို လျော့ပါးစေဖို့ရန်၊ ထို့အပြင် နိုင်ငံတော်၏ စီးပွားရေးအား ပြန်လည် နာလန်ထူစေဖို့ရန် နှင့် နိုင်ငံ၏ ပြည်သူပြည်သားများ အားလုံးအတွက် အကောင်းဆုံး အကျိုးအမြတ် ရရှိစေမည့် မူဝါဒများအား ဖော်ထုတ်နိုင်ဖို့ရန် အစရှိသည်တို့အတွက် လိုအပ်သော အရေးပေါ် လူသားချင်းစာနာထောက်ပံ့မှု နှင့် စီးပွားရေး အကူအညီများအား သီရိလင်္ကာအစိုးရမှ ရရှိကြောင်းသေချာစေဖို့ဌာ နိုင်ငံတကာ အဖွဲ့အစည်းများအနေဖြင့် သီရိလင်္ကာ နိုင်ငံသားများထံ ပံ့ပိုးထောက်ပံ့မှုများ လက်ကမ်းပေးရန် တောင်းဆိုအပ်ပါသည်။

၆။ အစိုးရသစ်သည် အတိုက်အခံ နိုင်ငံရေးပါတီများနှင့် လူမှုအဖွဲ့အစည်းတို့ဖြင့် စကားပြောဆွေးနွေးမှု နှင့် ပူးပေါင်းဆောင်ရွက်မှုတို့မှတစ်ဆင့် သဘောတူညီမှု ရရှိဖို့ရန် ဆောင်ရွက်ရမည့်အစား လက်တလောတွင် ဝေဖန်မှု၊ သဘောထားကွဲလွဲမှု နှင့် လွတ်လပ်စွာ ဖော်ထုတ်ပြောဆိုခွင့်၊ ငြိမ်းချမ်းစွာ ဆန္ဒပြမှုများအား အကြမ်းဖက် ဖြိုခွင်းလျက်ရှိသည်ကို တွေ့ရှိရရာ ကျွန်ုပ်တို့အနေဖြင့် စိုးရိမ်မိပြီး၊ တရားဥပဒေစိုးမိုးရေး နှင့် အခြေခံ လူ့အခွင့်အရေးများကို တန်ဖိုးထားသော အပြုအမူဖြင့် ရင်းရင်ဆိုင်နေရသည့် ကြီးမားလှသော တာဝန်ဝတ္တရားများကို ဖြေရှင်းဖို့ရန် သမ္မတသစ် နှင့် အစိုးရသစ်အား တောင်းဆိုအပ်ပါသည်။

၇။ Ceylon အသင်းတော်၏ ဘုန်းတော်ကြီးများနှင့် သာသနာနယ်များ၊ ထို့အပြင် ယုံကြည်ကိုးကွယ်မှုနှင့် ယုံကြည်ခံယူချက် အမျိုးမျိုးရှိကြသည့် သီရိလင်္ကာ ပြည်သူပြည်သားများဖြင့် တစ်သားတည်းရှိကြောင်း ဖော်ပြအပ်ပါသည်၊ လာမည့် အရေးကြီးသော လများအတွင်း ကြုံတွေ့ရမည့် စိန်ခေါ်မှု အခက်အခဲများတို့အတွက် အနီးကပ်စောင့်ကြည့်ကာ Ceylon အသင်းတော်၏ ဘုန်းတော်ကြီးများ နှင့် သာသနာနယ်များဖြင့် ပူးပေါင်း၍ ဆုတောင်းလျက် အဖော်ပြုပေးသွားမည်ဖြစ်ကြောင်း ကတိပြုပါသည်။

သီရိလင်္ကာနိုင်ငံအနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲပြီး တရားမျှတသော ငြိမ်းချမ်းရေးရရှိပြီး ကျွန်ုပ်တို့၏ မျှော်လင့်ခြင်းနှင့် ကယ်တင်ခြင်းဖြစ်သော ယေရှုခရစ်တော်၏ ဘုန်းတော်ထင်ရှားစေကာ လူသားအားလုံး အတူတကွ ကောင်းကျိုးခံစားရစေရန် ကျွန်ုပ်တို့အနေဖြင့် ဆုတောင်းပဌနာ ပြုလျက်ရှိပါသည်။

LAMBETH CONFERENCE
God's Church for God's world

## မြန်မာ/ဗမာ နိုင်ငံသားများအတွက် အားပေးပံ့ပိုးမှု ထုတ်ပြန်ကြေညာချက်

## ကမကထပြုသူ– Lambeth Conference သို့ တက်ရောက်လာသည့် မြန်မာဘုန်းတော်ကြီးများ

၂၀၂၂ ခုနှစ်တွင် ကျင်းပသည့် Lambeth Conference သို့ တက်ရောက်ရန် ကန်တာဘာရီ ဂိုဏ်းချုပ်ဘုန်းတော်ကြီး၏ နှိုးဆော်ချက်အရ အင်္ဂလိကန် မိဿဟာယဝင် သာသနာပြည်နယ်များမှ လာရောက်၍ စုရုံးစည်းဝေးလျက်ရှိကြသည့် ကမ္ဘာလုံးဆိုင်ရာ အင်္ဂလိကန် မိဿဟာယဝင် ကျွန်ုပ်တို့ ဘုန်းတော်ကြီးများသည် မြန်မာဗမာ / နိုင်ငံသားများအတွက် အားပေးပံ့ပိုးမှု ထုတ်ပြန်ကြေညာချက်ကို ပေးပို့အပ်ပါသည်။

မြန်မာ/ဗမာနိုင်ငံတွင် ဆက်လက်ဖြစ်ပွားနေသော ပဋိပက္ခတိုက်ပွဲများနှင့် အကျိုးဆက်အဖြစ် ကြုံတွေ့ရသည့် ငြိမ်းချမ်းရေးနှင့် လုံခြုံရေး ပျက်ယွင်းထိခိုက်မှုများ၊ နှင့် လူအများ နေရပ်စွန့်ခွာ တိမ်းရှောင်ရမှု၊ လူ့အသက်များ ဆုံးရှုံးရမှု အစရှိသည်တို့အတွက် အလွန်အမင်း စိုးရိမ်ကြောင်း Lambeth Conference မှ ဖော်ပြအပ်ပါသည်။

နယ်သာလန်ရှိ The Hague မှ နိုင်ငံတကာ တရားရုံးရှေ့မှောက်တွင် ဖြေရှင်းရလျက်ရှိသော ရိုဟင်ဂျာ အသိုင်းအဝိုင်းနှင့်ပတ်သက်သည့် အခြေအနေများ၊ နှင့် နိုင်ငံတွင်း တရားဥပဒေစိုးမိုးမှု အခြေအနေ နှစ်ရပ်စလုံးကြောင့် လူ့ဂုဏ်သိက္ခာ၊ ဒီမိုကရေစီနည်းကျ မှုမတူ ယှဉ်တွဲနေထိုင်မှု ဝါဒ နှင့် အခြေခံ လွတ်လပ်ခွင့်တို့နှင့်ပတ်သက်ပြီး ဒေသတွင်းနှင့် နိုင်ငံတကာအဆင့် နှစ်မျိုးစလုံးတွင် စိုးရိမ်ရလျက်ရှိသော အခြေအနေသို့ ရောက်ရှိလျက်ရှိပါသည်။ ဤတွင် လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့် သို့မဟုတ် ယုံကြည်ခံယူခွင့်၊ ဝတ်ပြုထိုက်သူအား ဝတ်ပြုခွင့်၊ ထို့အပြင် ဝတ်ပြုကိုးကွယ်ရာ နေရာများ မပျောက်မပျက် တည်ရှိခွင့်တို့လည်း ပါဝင်သက်ဆိုင်နေပါသည်။

မြန်မာ/ဗမာနိုင်ငံ၏ တရားမျှတမှုနှင့် ပြန်လည်သင့်မြတ်မှု ပေါ်ထွန်းရေးအတွက် ကျွန်ုပ်တို့ ဆက်လက် ဆုတောင်းသွားပါမည်။ နိုင်ငံတွင်းနှင့် နိုင်ငံပြင်ပ ခရစ်ယာန်အသိုင်းအဝိုင်းအားလည်း ဖြစ်နိုင်ပါက လိုအပ်သည့်နေရာတွင် လိုအပ်သလို အားထုတ်၍ လူသားအားလုံး၏ လုံခြုံရေးနှင့် ကာယစိတ္တသုခကို ကာကွယ်ပေးနိုင်မည့် ရေရှည်တည်တံ့ခိုင်မြဲသော ဖြေရှင်းမှုနည်းလမ်းအား ဆောင်ကြဉ်းပေးဖို့ရန် အားထုတ်ကြဖို့ ဆက်လက် တိုက်တွန်း၊ ထောက်ပံ့သွားပါမည်။

**တန်ဇနီးယားနိုင်ငံအတွက် အားပေးပံ့ပိုးမှု ထုတ်ပြန်ကြေညာချက်**
**ကမကထပြုသူ– ဂိုဏ်းချုပ်ဘုန်းတော်ကြီး Maimbo Mndolwa**

၂၀၂၂ ခုနှစ်တွင် ကျင်းပသည့် Lambeth Conference သို့ တက်ရောက်ရန် ကန်တာဘာရီ ဂိုဏ်းချုပ်ဘုန်းတော်ကြီး၏ နှိုးဆော်ချက်အရ စုရုံးစည်းဝေးလျက်ရှိကြသည့် ကမ္ဘာလုံးဆိုင်ရာ အင်္ဂလိကန် မိသဟာယဝင် ကျွန်ုပ်တို့ ဘုန်းတော်ကြီးများသည် တန်ဇနီးယား၊ အရှေ့အာဖရိကနှင့် ဒေသတဝန်းလုံး၌ လူ့ဂုဏ်သိက္ခာ Great Lakes တည်ရှိအခွန့်ရှည်စေရန် ကျွန်ုပ်တို့၏ သန္နိဋ္ဌာန်ကို ထပ်လောင်းအတည်ပြုပါသည်။

ကွန်ဂို DRC နှင့် မြောက်ပိုင်း မိုဇမ်ဘစ်တို့မှ နိုင်ငံရေး မတည်ငြိမ်မှု၊ ရာသီဥတု ပြောင်းလဲခြင်း၊ နှင့် အလုပ်လက်မဲ့ဖြစ်မှုတို့၏ အကျိုးသက်ရောက်မှုကြောင့် လူငယ်အများအပြားအနေဖြင့် နိုင်ငံကို စွန့်ခွာရွှေ့ပြောင်းလျက်ရှိကြောင်းနှင့် ကိစ္စဖြစ်စဉ်အမျိုးမျိုးကြောင့် ၎င်းတို့သည် ခေတ်သစ်ကျွန်ပြုမှုကို ကြုံတွေ့ရင်ဆိုင်နေရကြောင်း ကျွန်ုပ်တို့အနေဖြင့် အသိအမှတ်ပြုပါသည်။

လူ့အယောက်စီတိုင်း၏ ဂုဏ်သိက္ခာအား ကာကွယ်စောင့်ရှောက်ရန် အသင်းတော်ကို ဘုရားသခင်က နှိုးဆော်တော်မူထားပါသည် (ယော ၃:၁၆ ၊ ကော ၁:၁၅–၂၀)။ ထို့ကြောင့် ဘာသာရေးခေါင်းဆောင်များ အားလုံးအနေဖြင့် ကိုယ်စီသက်ဆိုင်ရာ အသိုက်အဝန်းများကို ဤဆိုးရွားဆိုးယုတ်မှုအား ဆန့်ကျင်ရန်အလို့ငှာ ပဲ့ပြင်လမ်းညွှန်ပေးရန်၊ လူသားများကို လူကုန်ကူးခံရခြင်းမှ အကာအကွယ်ပေးရန်အလို့ငှာ အစီအမံများ ချမှတ်ဆောင်ရွက်ရန်အတွက် အစိုးရ နှင့်

LAMBETH CONFERENCE
God's Church for God's world

အစိုးရမဟုတ်သော အဖွဲ့အစည်းများဖြင့် အတူတကွ ဆောင်ရွက်သွားကြရန်၊ နှင့် လူသားအားလုံးအတွက် ကောင်းကျိုးရရှိစေမည့် ဖွဲ့စည်းတည်ဆောက်ပုံများအား လူမှုအဖွဲ့အစည်းတွင်း၌ ချမှတ်ထူထောင်ရန် ကျွန်ုပ်တို့ တိုက်တွန်းနှိုးဆော်ပါသည်။

## ကနေဒါနှင့် ကမ္ဘာတဝန်းရှိ ဌာနေတိုင်းရင်းသားလူမျိုးများနှင့်စပ်လျဉ်း၍ အားပေးပံ့ပိုးမှု ထုတ်ပြန်ကြေညာချက်

### ကမကထပြုသူ– ဂိုဏ်းချုပ်ဘုန်းတော်ကြီး Linda Nicholls

၂၀၂၂ ခုနှစ်တွင် ကျင်းပသည့် Lambeth Conference သို့ တက်ရောက်ရန် ကန်တာဘာရီ ဂိုဏ်းချုပ်ဘုန်းတော်ကြီး၏ နှိုးဆော်ချက်အရ လာရောက်၍ စုရုံးစည်းဝေးလျက်ရှိကြသည့် ကမ္ဘာလုံးဆိုင်ရာ အင်္ဂလိကန် မိဿဟာယဝင် ကျွန်ုပ်တို့ ဘုန်းတော်ကြီးများသည် ကုလသမဂ္ဂ၏ ဌာနေတိုင်းရင်းသား လူမျိုးများ၏ အခွင့်အရေးဆိုင်ရာ ကြေညာစာတမ်းနှင့်အညီ ကနေဒါနှင့် ကမ္ဘာတဝန်းမှ ဌာနေတိုင်းရင်းသား လူမျိုးများ၏ အခွင့်အရေးများနှင့်စပ်လျဉ်း၍ ကျွန်ုပ်တို့၏ သန္နိဋ္ဌာန်ကို အတည်ပြုအပ်ပါသည်။

ဌာနေတိုင်းရင်းသားလူမျိုးများ၏ ကိုယ်ပိုင်ဆုံးဖြတ်ဆောင်ရွက်ပိုင်ခွင့်၊ ကိုယ်ပိုင်ဝိသေသလက္ခဏာ၊ ဘာသာစကားများ၊ ယဉ်ကျေးမှုများနှင့် ကိုယ်ပိုင်စီမံအုပ်ချုပ်ခွင့်တို့အား အဓမ္မပျောက်ရှစေခဲ့သည့်၊ ထိခိုက်နစ်နာမှုများ ပေါ်ပေါက်စေသော အစိုးရမူဝါဒများ အပါအဝင် ရှာဖွေစူးစမ်းဖော်ထုတ်မှု အယူဝါဒနှင့် ပေါင်းစည်းလုပ်ဆောင်ခဲ့သည့်၊ ဌာနေတိုင်းရင်းသားများ၏ ဝိညာဉ်ရေးရာ အမွေအနှစ်များအား အရေးမပါကြောင်း သတ်မှတ်ခဲ့သည့်၊ ၎င်းတို့၏ အထိမ်းအမှတ် အခမ်းအနားများအား တားမြစ်ကာ ၎င်းတို့ပိုင်ဆိုင်သည့် မြေကို ခိုးယူခဲ့သည့် ကိုလိုနီနယ်ချဲ့မှု၏ သက်ရောက်မှုများအပေါ် ကျွန်ုပ်တို့ ကြီးစွာ နောင်တရမိပါသည်။

ကနေဒါ အင်္ဂလိကန် အသင်းတော်သည် ကလေးငယ်များအား ၎င်းတို့၏ မိသားစုများဖြင့် ကွဲကွာစေခဲ့သည့် နာကျင်ဖွယ်သော သမိုင်းအမွေတွင် ပါဝင်ခဲ့ပါသည်။ ကိုလိုနီဥပဒေအရ ကလေးငယ်များအား ဒေသခံကျောင်းများသို့ ပေးပို့ခဲ့ရပြီး ၎င်းတို့သည် ဝိညာဉ်ရေးရာ၊ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာနှင့် လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့်ခံရမှု စိတ်ဒဏ်ရာများကို မျိုးဆက် အဆက်ဆက် တွေ့ကြုံခံစားခဲ့ကြရပါသည်။ ဂိုဏ်းချုပ်ဘုန်းတော်ကြီး Michael Peers ၏ ၁၉၉၃ ခုနှစ် တောင်းပန်စာတွင် 'ကျွန်ုပ်တို့သည် အသင်တို့ကို ကျွန်ုပ်တို့လက်ခံသည့် ပုံသဏ္ဍာန်ဘောင်အတွင်း သွတ်သွင်းရန် ကြိုးစားမိခဲ့ပါသည်' ဟု ဖော်ပြထားသည်။ ဧဝံဂေလိ တရားတော်မြတ်၏ နှိုးဆော်ချက်အတိုင်း လိုက်လျှောက်ရန်နှင့် ဘုရားသခင်၏ သားသမီးများ

အားလုံးအနေဖြင့် လူ့ဂုဏ်သိက္ခာဖြင့် နေထိုင်နိုင်ရန် အဓိကအရေးပါသည့် ပြန်လည်သင့်မြတ်စွာ နေထိုင်ခြင်းအတွက် လိုအပ်သော အသိအမှတ်ပြုဝန်ခံခြင်း၊ အပြစ်နောင်တရခြင်း၊ တရားမျှတမှုကို ရှာဖွေခြင်းနှင့် ပြန်လည်ကုစားပြင်ဆင်ခြင်းတို့ ပြုရမည့် ခရီးရှည်ကို ကနေဒါ သာသနာပြည်နယ်သည် ယခုအခါ၌ စတင်လျှောက်လှမ်းလျက်ရှိပါသည်။

ဌာနေတိုင်းရင်းသား လူမျိုးများ၏ အလေးအမြတ်စက်ဝန်း (Sacred Circle) က ၂၀၂၃ ခုနှစ်တွင် ကနေဒါ အင်္ဂလိကန် အသင်းတော်အတွင်း၌ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရ ဌာနေတိုင်းရင်းသား အသင်းတော် ဖွဲ့စည်းရန် မူဘောင်ကို အတည်ပြုတော့မည့် အခြေအနေတွင် ရှိပါသည်။ ဌာနေတိုင်းရင်းသား လူမျိုးများ၏ တန်ဖိုးများနှင့် ဝိညာဉ်ရေးရာ သန္နိဋ္ဌာန်ပြုလိုက်လျှောက်မှုများကို ထင်ဟပ်မှုရှိသော နည်းလမ်းသစ်များဖြင့် အသင်းတော်တစ်ခုလုံးနှင့်အတူ အတူတကွ ဆောင်ရွက်မည့် ဧဝံဂေလိတရားတော်မြတ် ဗဟိုပြုသော အသင်းတော်သဏ္ဍာန်အား သိမြင်နိုင်စေဖို့ရန် ဌာနေတိုင်းရင်းသား လူမျိုးများဆိုင်ရာ အင်္ဂလိကန်ကောင်စီ နှင့် Sacred Circle တို့နှင့်အတူ ဆုတောင်းပဌနာပြုရန် ကျွန်ုပ်တို့အနေဖြင့် သန္နိဋ္ဌာန်ပြုပါသည်။

ကနေဒါတဝန်းရှိ ဌာနေတိုင်းရင်းသားလူမျိုး အနွယ်ဝင်မဟုတ်သူများအနေဖြင့် ကိုလိုနီနယ်ချဲ့မှု၏ ပုံဇာတ်လမ်းအပြည့်အစုံ နှင့် ဆင်းရဲမွဲတေမှု၊ အိမ်ရာမလုံလောက်မှု၊ ဌာနေတိုင်းရင်းသားအနွယ်ဝင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များ ပျောက်ဆုံးမှုနှင့် သတ်ဖြတ်ခံရမှု၊ မျိုးဆက် အဆက်ဆက် စိတ်ဒဏ်ရာရရှိမှု၊ ပညာရေးအတွက် ရန်ပုံငွေ အလုံအလောက်မရရှိမှု၊ နှင့် ဌာနေတိုင်းရင်းသား လူမျိုးများအတွက် ကျန်းမာရေးစောင့်ရှောက်မှု အလုံအလောက်မရရှိမှုတို့ကို တစ်ဖက်တစ်လမ်းမှ ပံ့ပိုးဖြစ်ပွားစေသည့် ယခုထက်တိုင် ကြုံတွေ့ခံစားနေရသော သက်ရောက်မှုများကို နားလည်သိရှိရန် လေ့လာမှုပြုရာတွင် ၎င်းတို့အတွက် ဆုတောင်းပေးရန် ကျွန်ုပ်တို့ သန္နိဋ္ဌာန်ပြုပါသည်။

မျိုးဆက် အဆက်ဆက် စိတ်ဒဏ်ရာရရှိမှု၏ ထိခိုက်ပျက်စီးစေသော သက်ရောက်မှုများသည် ကျွန်ုပ်တို့၏ ဆက်ဆံရေးများကို မည်သို့ပုံဖော်ပုံသွင်းကြောင်း နားလည်သိရှိရန် အတူတကွ လေ့လာမှုပြုရာတွင် ဌာနေတိုင်းရင်းသားလူမျိုးများနှင့် ဌာနေတိုင်းရင်းသားလူမျိုး အနွယ်ဝင်မဟုတ်သူများနှင့် အတူတကွ ဆုတောင်းပဌနာပြုရန် ကျွန်ုပ်တို့ သန္နိဋ္ဌာန်ပြုပါသည်။

ဘုရားသခင်၏လူ အားလုံးအတွက် လွတ်လပ်ခြင်းနှင့် ပြည့်လျှံကြွယ်ဝသော အသက်တာကို ဆောင်ကြဉ်းပေးရန်အလို့ငှာ ဧဝံဂေလိ တရားတော်မြတ်၏ လွတ်မြောက်စေသော ဘုန်းတန်ခိုးသတ္တိကို လိုအပ်ကြောင်း ကျွန်ုပ်တို့ နားလည်ပါသည်။

လူ့အရည်အသွေးများအား ပြန်လည်တည်ဆောက်ရန် ရည်ရွယ်၍ ကိုလိုနီနယ်ချဲ့မှုအား ပယ်ဖျက်ရေး ဆောင်ရွက်ချက်များကို လုပ်ဆောင်ရန် ကျွန်ုပ်တို့ သန္နိဋ္ဌာန်ပြုပါသည်။

အလားတူလွတ်လပ်ခွင့်အား တောင့်တလျက်ရှိသည့် ကမ္ဘာတဝန်းမှ ဌာနေတိုင်းရင်းသား လူမျိုးများနှင့် အတူတကွ လျှောက်လှမ်းသွားရန်နှင့် ၎င်းတို့ကို အားပေးပံ့ပိုးရန် ကျွန်ုပ်တို့ သန္နိဋ္ဌာန်ပြုပါသည်။

## ခိုလှုံဒုက္ခသည်နှင့် ရွှေ့ပြောင်းနေထိုင်သူဆိုင်ရာ အကျပ်အတည်း ပြဿနာနှင့် စပ်လျဉ်း၍ ထုတ်ပြန်ကြေညာချက်

### ဂိုဏ်းချုပ်ဘုန်းတော်ကြီး Justin Welby

၂၀၂၂ ခုနှစ်တွင် ကျင်းပသည့် Lambeth Conference သို့ တက်ရောက်ရန် ကန်တာဘာရီ ဂိုဏ်းချုပ်ဘုန်းတော်ကြီး၏ နှိုးဆော်ချက်အရ လာရောက်၍ စုရုံးစည်းဝေးလျက်ရှိကြသည့် ကမ္ဘာလုံးဆိုင်ရာ အင်္ဂလိကန် မိဿဟာယဝင် ကျွန်ုပ်တို့ ဘုန်းတော်ကြီးများသည် ဘုရားသခင်၏ သဏ္ဌာန်တော်နှင့်အညီ ဖန်ဆင်းခြင်းခံရပြီး ထို့ကြောင့်ပင် တန်းတူညီမျှသော ဂုဏ်သိက္ခာနှင့် လေးစားသမှုတို့ကို ခံယူရပိုင်ထိုက်သည့် ခိုလှုံဒုက္ခသည်များနှင့် ရွှေ့ပြောင်းနေထိုင်သူများအပေါ် ပြုမူဆက်ဆံမှုနှင့်စပ်လျဉ်းသည့် ကျွန်ုပ်တို့၏ သန္နိဋ္ဌာန်ကို ထပ်လောင်းအတည်ပြုပါသည်။

ဤ Lambeth Conference သို့ တင်ပြထားသည့် အင်္ဂလိကန် မိဿဟာယဝင် တစ်သီးပုဂ္ဂလ သာသနာပြည်နယ်များထံမှ ထုတ်ပြန်ကြေညာချက်များတွင် ရှေးကပင် အကြီးအကျယ် ဖြစ်ပွားလျက်ရှိသည့် နိုင်ငံတွင်းနှင့် နိုင်ငံများကိုဖြတ်ကျော်၍ လူအများ ပြောင်းရွှေ့နေထိုင်ခြင်းအပေါ် ပဋိပက္ခ၊ ရာသီဥတု ပြောင်းလဲခြင်းနှင့် အစာရေစာ ပြတ်လပ်မှုတို့၏ သက်ရောက်မှုသည် ပိုမိုမြင့်မားကြီးထွားလာလျက်ရှိကြောင်း

မီးမောင်းထိုးဖော်ပြထားပါသည်။ အင်္ဂလိကန် ယုံကြည်သူများ ဖြစ်ကြသော ကျွန်ုပ်တို့သည် "လူသားတို့၏ လိုအပ်ချက်များအပေါ် မေတ္တာဖြင့်ပြုသော အစေခံမှုဖြင့် တုံ့ပြန်"ရန် နှင့် "လူမှုအဖွဲ့အစည်းအတွင်းရှိ တရားမျှတမှုမရှိသော ဖွဲ့စည်းတည်ဆောက်ပုံများကို အသွင်ပြောင်းလဲရန်၊ အကြမ်းဖက်မှု အသွင်သဏ္ဍာန်ပေါင်းစုံကို တိုက်ဖျက်ရန်နှင့် ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေးအတွက် ဦးတည်ကြိုးပမ်းဖော်ဆောင်"ရန် မစ်ရှင်ခံယူချက်များအားဖြင့် နှိုးဆော်ခံရပါသည်။

တစ်နည်းနည်းဖြင့် ရွှေ့ပြောင်းနေထိုင်ရသော သို့မဟုတ် လူကုန်ကူးခံရသော သူများ၏ လက်ငင်း လိုအပ်ချက်များအား ဖြည့်ဆည်းပေးခြင်း၊ နှင့် လူသားတိုင်း ပြည့်လျှံသော အသက်တာကို ရရှိစေရန် ပိုမိုကောင်းမွန်သော ဖွဲ့စည်းမှုများအား တည်ဆောက်ပေးသွားရန်အတွက် ကျွန်ုပ်တို့ တတ်စွမ်းနိုင်သမျှ လုပ်ဆောင်ခြင်း အစရှိသည်တို့သည် ကျွန်ုပ်တို့ မစ်ရှင်၏ အခရာပင် ဖြစ်ပါသည်။

ထို့ကြောင့် အောက်ပါတို့နှင့်စပ်လျဉ်း၍ ကျွန်ုပ်တို့၏ အားပေးပံ့ပိုးမှုကို အတည်ပြုအပ်ပါသည်–

၁။ ကမ္ဘာတဝန်းမှ ဘာသာရေးခေါင်းဆောင်များ လက်မှတ်ရေးထိုးထားသည့် ထောက်ခံအတည်ပြုချက်များ ပါဝင်သော UNHCR (UN ဒုက္ခသည်များဆိုင်ရာ အေဂျင်စီ) ၏ လူစိမ်းများအား ကြိုဆိုခြင်း (၂၀၁၃) ကနဦးရှေ့ဆောင်မှု အစီအစဉ်ကို အားပေးပံ့ပိုးပါသည်။ ဤထောက်ခံအတည်ပြုချက်များသည် ယုံကြည်ကိုးကွယ်မှု အမျိုးမျိုး၏ ခေါင်းဆောင်များအနေဖြင့် 'လူစိမ်းများအား ကြိုဆိုလက်ခံရာတွင်' ဂုဏ်သိက္ခာရှိစွာဖြင့်၊ လေးစားသမှုဖြင့်၊ ထို့အပြင် ချစ်ခြင်းမေတ္တာ ပြည့်ဝသော ပံ့ပိုးကူညီမှုများဖြင့် လက်ခံကြိုဆိုကြရန်အလို့ငှာ တိုက်တွန်းနှိုးဆော်ရန် ရည်ရွယ်ပြီး၊ ၎င်းတို့၏ အသိုက်အဝန်းများအတွင်းမှ ခိုလှုံဒုက္ခသည်များနှင့် အခြားသော ရွှေ့ပြောင်းနေထိုင်ရသူများ အတွက် ပံ့ပိုးကူညီမှုများ စီစဉ်ပေးအပ်ရန် အသုံးပြုနိုင်မည့် အရင်းအမြစ်နှင့် လက်တွေ့ကျသော နည်းကိရိယာ ဖြစ်ပါသည်။ https://www.unhcr.org/uk/protection/hcdialogue%20/51b6de419/welcoming-stranger-affirmations-faith-leaders.html

၂။ လက်တွေ့မြေပြင်၌ လုပ်ငန်းဆောင်ရွက်လျက်ရှိသော အင်္ဂလိကန် သာသနာပြည်နယ်များ၊ သာသနာနယ်များနှင့် အဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များကို အားပေးပံ့ပိုးပါသည်။ နေရပ်စွန့်ခွာတိမ်းရှောင်ရနိုင်သည့် အစောပိုင်းလက္ခဏာများအား ဖော်ထုတ်အတည်ပြုခြင်းတွင် ဖြစ်စေ၊ နေရပ်စွန့်ခွာတိမ်းရှောင်ရသူများ၏ ရုပ်ပိုင်းဆိုင်ရာနှင့် ဝိညာဉ်ရေးရာ လိုအပ်ချက်များ အတွက် ဖြည့်ဆည်းပေးရန် ဖြစ်စေ၊ သို့မဟုတ် နိုင်ငံအတွင်းနှင့် နယ်စပ်ဖြတ်ကျော်၍ ၎င်းတို့ကိုယ်တိုင် ရွှေ့ပြောင်းနေထိုင်မှုအား ဖြေရှင်းရသည့်အခါတွင်ဖြစ်စေ ရွှေ့ပြောင်းနေထိုင်မှု အခြေအနေ အများအပြား၌ အသင်းတော်နှင့် အခြားသော ယုံကြည်ကိုးကွယ်မှု အသိုက်အဝန်းများသည် ရှေ့တန်းမှ လုပ်ငန်းဆောင်ရွက်လျက် ရှိပါသည်။

၃။ ခိုလှုံဒုက္ခသည်များ နှင့် ဘေးကင်းလုံခြုံပြီး စည်းစနစ်ကျသော တရားဝင် ရွှေ့ပြောင်းနေထိုင်မှုနှင့် စပ်လျဉ်းသည့် ကမ္ဘာလုံးဆိုင်ရာ သဘောတူညီချက်များကို အားပေးပံ့ပိုးပြီး ဤ သဘောတူညီချက် နှစ်ရပ်စလုံးကို လိုက်နာကျင့်သုံးရန် နိုင်ငံများက ၂၀၁၈ ခုနှစ်တွင် သဘောတူ လက်ခံခြင်းကို ကြိုဆိုပါသည်။ ဤသဘောတူညီချက်များနှင့်အညီ မိမိတို့ ကတိကဝတ်ပြုသည့်အတိုင်း အပြည့်အဝ အကောင်အထည်ဖော် ဆောင်ရွက်ရန်၊ နှင့် မိမိတို့ နိုင်ငံတော်မူဝါဒအတွင်း ဤသဘောတူညီချက်များမှ ဥပဒေသများကို ပေါင်းစည်းထည့်သွင်းရန် ကျွန်ုပ်တို့အနေဖြင့် တိုက်တွန်းအပ်ပါသည်။ ခိုလှုံဒုက္ခသည်များနှင့်စပ်လျဉ်းသည့် ကမ္ဘာလုံးဆိုင်ရာ သဘောတူညီချက်၏ ရည်မှန်းချက်များ အထမြောက်အောင်မြင်နိုင်ရန်အတွက် အားပေးပံ့ပိုးသွားရန် သန္နိဋ္ဌာန်ပြုပြီးဖြစ်သည့် အင်္ဂလိကန် မိဿဟာယဝင် သာသနာပြည်နယ်များနှင့် သာသနာနယ်များကို ကျွန်ုပ်တို့အနေဖြင့် ဝမ်းမြောက်ဂုဏ်ပြုပြီး၊ ၂၀၂၃ ခုနှစ်၌ ကျင်းပမည့် ကမ္ဘာလုံးဆိုင်ရာ ခိုလှုံဒုက္ခသည် ဖိုရမ်စည်းဝေးပွဲမတိုင်မီ ကြိုတင် တင်ပြမှုများ ပြုလုပ်နိုင်စေရန်အတွက် ကုလသမဂ္ဂ အင်္ဂလိကန် မိဿဟာယရုံးနှင့်အတူ လက်တွဲလုပ်ဆောင်ရန် နေရပ်စွန့်ခွာတိမ်းရှောင်ရသူများအတွက် အမှုတော်ဆောင်ခြင်းနှင့် ၎င်းတို့နှင့်အတူတကွ လုပ်ငန်းများဆောင်ရွက်ခြင်း လုပ်ဆောင်နေသည့် အခြားသူများကို တိုက်တွန်းအားပေးအပ်ပါသည်။

၄။ သဘာဝဘေးအန္တရာယ်များနှင့် ရာသီဥတု ပြောင်းလဲခြင်းတို့ကြောင့် ပေါ်ပေါက်လာသည့် နေရပ်စွန့်ခွာရွှေ့ပြောင်းမှု အများစုသည် နယ်စပ်ဖြတ်ကျော်ခြင်းမရှိဘဲ နိုင်ငံအတွင်း၌သာ ရွှေ့ပြောင်းနေထိုင်ကြခြင်းဖြစ်ကြောင်း အသိအမှတ်ပြုလျက် ရာသီဥတု ပြောင်းလဲခြင်းနှင့် အခြားသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အပြောင်းအလဲများသည် နေရပ်စွန့်ခွာရွှေ့ပြောင်းမှုကို ပေါ်ပေါက်စေသည့် အကြောင်းအချက်များ ဖြစ်ကြောင်းကို ကမ္ဘာလုံးဆိုင်ရာအဆင့်၌ ပိုမိုသဘောပေါက် နားလည်လာစေရန် တုံ့ပြန်ဆောင်ရွက်မှုကို အားပေးပံ့ပိုးပါသည်။ အကြွယ်ဝဆုံးသူက အလေးဆုံးဝန်ကို ထမ်းပိုးသည့် တရားမျှတပြီး စွန့်ကြဲတတ်သော အားလုံးနှင့်သက်ဆိုင်သည့် ကြိုးပမ်းအားထုတ်မှုများကို UNFCCC၊ IOM နှင့် အခြားသော နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ဖိုရမ်စည်းဝေးပွဲများတွင် အပါအဝင် ကမ္ဘာလုံးဆိုင်ရာအဆင့်၌ ပေါင်းစည်းဆောင်ရွက်ရန် နိုင်ငံရေးဆိုင်ရာ ဆန္ဒကတိများ ပိုမိုထားရှိချမှတ်ရန် ကျွန်ုပ်တို့အနေဖြင့် တိုက်တွန်းနှိုးဆော်ပါသည်။